


# ဘုံဘဝမှာ ခံစားချင်သေးသလား
# ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်ပါ

(၂၁၇)

ဟောကြားသည့်နေ့
(၉-၁၂-၆၈)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၃)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဘုံဘဝမှာ ခံစားချင်သေးသလား ?
# ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်ပါ

ဟောကြားသည့်နေ့
(၉-၁၂-၆၀)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

## ဘုံဘဝမှာခံစားချင်သေးသလား?
## ကိုယ့်ကိုယ်ကိုယ်စစ်တမ်းထုတ်ပါ

ဟောကြားသည့်နေ့ (၉-၁၂-၆၀)

အားလုံးဒကာ ဒကာမတွေ သဿတဒိဋ္ဌိဆိုတဲ့ဉစ္စာက ဒီဘဝပြီးလို့ရှိရင်ဖြင့် ဟိုဘဝမှာ စံစားချင် ခံစားချင်တယ်၊ ဒီကိုယ်က ပြုလုပ်ပြီး ဒီကိုယ်ပဲ ခံစားချင်တာကို သဿတဒိဋ္ဌိ လို့ မှတ်ကြစမ်းပါ. . . (မှန်ပါ့ဘုရား)။

### မင်းပြုရင်မင်းရမှာပဲဆိုတာ

မင်းပြုရင် မင်းရမှာပဲဆိုတာ ဘာဒိဋ္ဌိပါလိမ့်. . . (သဿတဒိဋ္ဌိပါ)၊ ဒါကို ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှံဘူး

တို့ သုံးစွဲနေကြတယ်နော်. . . (မှန်ပါ့) မင်းပြုရင် မင်းရမှာပေါ့ ကွ၊ မင်းကောင်းကောင်း ဖြစ်မှာပေါ့ကွဆိုတော့ ဒီပုဂ္ဂိုလ်ကပဲ ဟိုမှာ ခံစားတယ်လို့ ယူတဲ့အယူဟာ သဿတဒိဋ္ဌိလို့ မှတ်တာ ပေါ့. . . (မှန်ပါ့ဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိအယူ

ဒီပုဂ္ဂိုလ်ကပြုပြီးတော့ ဘာမှမဖြစ်တော့ပါဘူး၊ ပြုတာဟာ ပြုကာမတ္တပါလို့ ယူလိုက်လို့ရှိရင်ဖြင့် ဥစ္ဆေဒဒိဋ္ဌိ (မှန်ပါ့)၊ ပြတ်ထွက်သွားတယ်. . . (မှန်ပါ့)၊ ပြုတာ ပြုကာမျှ မတ္တပါပဲလို့ ဒကာ ဒကာမတွေက ယူလိုက်လို့ရှိရင်လည်း ဘာဒိဋ္ဌိပါလိမ့် . . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

လူတစ်ဦးဦးမှာ အဲဒီသဿတနဲ့ ဥစ္ဆေဒတစ်ခုခုရှိမယ် ဆိုတဲ့ ဥစ္စာမှတ်ထားပါနော်. . . (မှန်ပါ့)၊ အဲဒီနှစ်မျိုးထဲက တစ်ခုခုရှိနေရင် သဿတရှိနေလည်း နိဗ္ဗာန်တော့မရဘူး. . . (မှန်ပါ့)၊ သုဂတိနတ်ပြည်တော့ရမှာပဲ. . . (မှန်ပါ့)၊ ဥစ္ဆေဒဒိဋ္ဌိ ရှိနေရင် သုဂတိနတ်ပြည်တောင်မရဘူး၊ အပါယ်ငရဲပဲ ရမှာပဲ . . . (မှန်ပါ့)၊ ဒါကြောင့် ကနေ့ဟောမည့် တရားဟာ ကိုယ်တွင်း စုံစမ်းရေးတရားလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ ဘုရား)။

## ကိုယ်တွင်းစုံစမ်းရေးတရား

ဘာတရားဟောမှာပါလိမ့်. . . (ကိုယ်တွင်းစုံစမ်းရေး တရားပါဘုရား)၊ ကိုယ်တွင်းစုံစမ်းရေးတရားတဲ့၊ ဒကာ ဒကာမ တို့ သန္တာန်မှာ မဂ်ဖိုလ်မရထိုက်တဲ့ တရားရှိသေးသလား၊ မရှိဘူး လားဆိုတာ ယနေ့ စုံစမ်းမယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် မေးပြန်ပါလိမ့် မတုံးလို့ မေးတဲ့အခါ ကိုယ်ဝမ်းထဲမှာ ဥစ္ဆေဒဒိဋ္ဌိ ရှိနေပြန်လို့ ရှိရင်လည်း ဘယ့်လိုပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ဆရာသမားကဟောလို့ မိမိ အားထုတ်ငြားသော်လည်း မရနိုင်ဘူးတဲ့. . . (မှန်ပါ့)။

## မဂ်ဖိုလ်တားတယ်

ဒါဖြင့် မဂ်တား၊ ဖိုလ်တားဟာ သဿတ-ဥစ္ဆေဒတရား လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊ မဂ်တား ဖိုလ်တားဟာ . . . (သဿတ ဥစ္ဆေဒတရားပါဘုရား)၊ သဿတတရား၊ ဥစ္ဆေဒ တရားရယ်လို့ နှစ်ပါးရှိတော့ကို ဒီတရားဟောမှာက သဿတ ဥစ္ဆေဒလွတ်ပြီး အလယ်လမ်းကို ဟောရပါလိမ့်မယ်၊ အလယ် လမ်းဟောလိုက်တဲ့အခါကျတော့ သဿတ သမားကလည်း မကြိုက်တတ်ဘူး. . . (မှန်ပါ့ဘုရား)။

## သသာတသမား

သဿတသမား မကြိုက်တာက ဘယ့်နှယ်ကြောင့်တုံး လို့ မေးတဲ့အခါကျတော့ နောက်ဘဝမှာ ဒုက္ခသစ္စာတွေ ချုပ်ငြိမ်းရုပ်သိမ်းသွားပါတယ်လို့ ဒီက အလယ်လမ်းက ဟောလိုက်တဲ့အခါ သဿတသမားက ငါတို့ဖြင့် မကြိုက်ဘူးဆိုပြီး သကာလ ဘုံဘဝထဲ နေရစ်ဦးမယ်ဆိုပြီး ဘုံဘဝထဲမှာပဲ ပုန်းအောင်းနေတတ်တယ် . . . (မှန်ပါ)၊ သဿတသမားက ဘဝချုပ်တာကို ဟောလိုက်လို့ရှိရင် ဘဝထဲမှာ ပုန်းအောင်းနေတတ်တယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

## ဘဝထဲမှာပုန်းအောင်းနေတတ်တယ်

သဿတသမားက ဘဝချုပ်တာတွေ၊ ဒုက္ခသစ္စာချုပ်တာတွေ ဟောလိုက်လို့ရှိရင် သူဘယ်မှာ ပုန်းအောင်းနေတတ်ပါလိမ့်မတုံး. . . (ဘဝထဲမှာ ပုန်းအောင်းနေတတ်ပါတယ်ဘုရား)၊ ကျုပ်တို့တော့ဖြင့် နိဗ္ဗာန်မလိုချင်သေးပါဘူးဆိုတဲ့ အသံတွေဟူသရွေ့ သဿတသမားရဲ့ အသံတွေချည်းလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ကျုပ်တို့တော့ နိဗ္ဗာန်မလိုချင်သေးပါဘူး၊ ဖြုန်းခနဲများ ရမယ်ဆိုရင်တောင် ကျုပ်တို့မလိုချင်သေးပါဘူးဆိုတာ ဘာသံပါလိမ့် (သဿတ ဒိဋ္ဌိသံပါ ဘုရား)၊ သဿတ ဒိဋ္ဌိ အသံဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဉစ္စေဒ သမားက ဒီတရားပွဲထဲ ပါပြန်နေလို့ရှိရင်လည်း ဘဝချုပ်တာဟောလိုက်လို့ရှိရင်ဖြင့် သူကျတော့ ကျေနပ်တယ်တဲ့ (မှန်ပ့ါ)၊ ကျေနပ်ပြီးသကာလ ဒီဘဝချုပ်သွားရင် အေးတာပဲကွာလို့ အေးတာလောက်ကိုပဲ သူသိတယ်၊ ဘဝပြတ်ခြင်းကိုသာ အလိုရှိတယ်၊ ဘဝဆုံးသွားလို့ရှိရင်ဖြင့် နိရောဓသစ္စာကိုယ်တိုင်ရမယ်ဆိုတဲ့ အသိမျိုးသိတာတော့ မဟုတ်ဘူး (မှန်ပ့ါ)၊ သဘောကျပါလား . . . (ကျပါပြီဘုရား)။

## ဘာကြောင့်ကျွတ်တမ်းမဝင်ကြတာလဲ

ဘဝများစွာ သံသရာ ကိုယ် ဘယ်ဒိဋ္ဌိနဲ့နေတယ်ဆိုတဲ့ ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောလို့ တို့ဟာ ဘုရားအဆူဆူနဲ့ မတွေ့ခဲ့လို့ ကျွတ်တမ်းမဝင်တာလား . . . ဒီ ဒိဋ္ဌိနှစ်ခု တစ်ခုခုခံနေလို့ ကျွတ်တမ်းမဝင်ရတာလားဆိုတာ ယနေ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် ကိုယ့်ကိုယ် ဆုံးဖြတ်ချက် ချပါလို့ ဒကာကြွယ်တို့ သတိပေးတယ်နော် (မှန်ပ့ါ)၊ အားကြီး အရေးကြီးတဲ့ တရားလို့ ဒကာ ဒကာမတွေ မှတ်ထားစမ်းပါ . . . (မှန်ပ့ါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်၊ ပဋိစ္စသမုပ္ပါဒ် ဆိုတာ စာလိုပြောတာပါ၊ မြန်မာလိုဆိုတော့ မဂ်နဲ့ဖြတ်လိုက်တယ်လို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာတွေ ပြတ်သွားတာ နိဗ္ဗာန်ခေါ်တာပဲ (မှန်ပ့ါ)၊

အဲဒီ ဒုက္ခသစ္စာ ပြတ်သွားတာ နိဗ္ဗာန်ကိုပင်လျှင် ဒုက္ခသစ္စာကို ငါထင်နေတဲ့ ပုဂ္ဂိုလ်က ပြတ်မှာ စိုးရိမ်ခဲ့သည်ရှိသော် ဩော် ဒီတရား နာလိုက်လို့ ရှိရင်ဖြင့် ဒုက္ခသစ္စာတွေပြတ်တော့မှာပဲ ဆိုတာ မယူပဲနဲ့ ငါတော့ဖြင့် ဒီဘဝမှာ ငါလုပ်ထားတဲ့ ကုသိုလ်တွေ ငါခံစားစရာ မရှိတော့ဘူး၊ ဒီတရားမကြိုက်ပါဘူးလို့ ဆိုလို့ ရှိရင်ဖြင့် ဘာဒိဋ္ဌိ ဆိုကြမဆုံး . . . (သဿတဒိဋ္ဌိပါဘုရား)။

ငါက ဆုတောင်းထားတာက လူ့ပြည် နတ်ပြည် အကြိမ်ကြိမ် ခံစား၍လို့ ဆုတောင်းထားတယ်၊ တရားနာလိုက်တဲ့အခါကျတော့ ဒုက္ခတွေပြတ်ထွက်သွားပြီ၊ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းရာ နိဗ္ဗာန်ပေါ်လာတယ်. . . (မှန်ပါ့)၊ ထိုကဲ့သို့ပေါ်လာငြားသော်လည်း သဿတဒိဋ္ဌိအယူရှိသူက ဖြည်းဖြည်းမှယူမယ်လို့ စိတ်ထဲမှာပေါ်လာလို့ရှိရင်ဖြင့် ငါ့သန္တာန်မှာ မဂ်တား ဖိုလ်တားတဲ့ သဿတဒိဋ္ဌိ ကေန်ရှိတယ်လို့ တရားနာတဲ့ ပုဂ္ဂိုလ်က ကေန်ဆုံးဖြတ်ချက်ချတာပါ. . . (မှန်ပါ့ဘုရား)။

## ရမ်းကြိုက်နေတဲ့အယူ

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဘဝ ဆင်းရဲလွန်းလို့ သေတာပဲကောင်းပါတယ်။ သေသွားရင် ဘာမှမဖြစ်ရင်အေးတာပဲလို့ ဆင်းရဲလွန်းလို့ ဘဝကြီးထဲမှာနေရတာ တောင်းစားရတော့မလိုလို၊ ရမ်းစားရတော့မလိုလို ရောဂါကထူ၊ ဝေဒနာကပူ

နဲ့ ဒီလိုနေတဲ့ ပုဂ္ဂိုလ်ကျတော့ မွေးတစ်နေ့ သေတစ်နေ့ကွာ၊ သေရင်ပြီးတာပဲလို့ယူတဲ့အယူ ကိုယ့်သန္တာန်ရှိနေလို့ ဘဝပြတ်တာတော့ ကြိုက်တယ်၊ နိဗ္ဗာန် ကြိုက်တာမဟုတ်တဲ့ အရမ်းကြိုက်နေတဲ့အယူကျတော့ ဥစ္ဆေဒဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သဿတအယူက ဘဝပြတ်မှာကြောက်သည်၊ ဥစ္ဆေဒအယူက အရမ်းပြတ်တာကြိုက်သည်၊ နိဗ္ဗာန်ပေါ်မှာကို သူမကြိုက်ဘူး (မှန်ပါ့)၊ ဒါဖြင့် သဿတနဲ့ဥစ္ဆေဒ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ကွဲသွားပါပြီ . . . (ကွဲသွားပါပြီဘုရား)။

## ဘုံဘဝတွေ ခံစားချင်သေးရင်

အဲဒီမှာ စိတ်ထဲမှာ ဝေဖန်ကြစို့၊ ဒကာ ဒကာမတို့ ဒီဘဝမှာ ဒကာကြွယ်ကို ပောလိုက်တယ်၊ ဆရာဘုန်းကြီးက ဒကာကြွယ်ကလည်း ပောတဲ့အတိုင်းအားထုတ်တဲ့အခါကျလို့ ရှိရင်ဖြင့် ကိုယ်ပြုထားတဲ့ အကုသိုလ်တွေဘာမှမလိုက်နိုင်တဲ့ နိဗ္ဗာန်ရောက်ဖို့ဆိုလို့ရှိရင် ဖြည်းဖြည်းမှယူချင်တယ်၊ အခုမယူချင်သေးဘူး၊ ဘုံဘဝတွေ ခံစားချင်သေးတယ်ဆိုရင် ဘာဒိဋ္ဌိသဘောလဲ . . . (သဿတဒိဋ္ဌိသဘောပါ)၊ ကိုယ့်ဟာကိုယ် သိတယ်နော် . . . (မှန်ပါ့ဘုရား)။

## သေရင်ဘာမှမဖြစ်တော့ဘူးလို့ယူရင်

ဥစ္ဆေဒဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်များမှာကတော့ သေပြီးရင် အေးတာပဲ၊ ဘာမှမဖြစ်တော့ဘူးလို့ ဒကာ ဒကာမတို့ ဒီလိုကော မယူတတ်ကြဘူးလား . . . (ယူတတ်ကြပါတယ်)၊ နောက်ဘာမှမဖြစ်တော့ဘူးလို့ သူယူလိုက်ပြန်လို့ရှိရင်လဲ ဘာဒိဋ္ဌိဆိုကြမလဲ . . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဒါဖြင့် သဿတဒိဋ္ဌိသမားက ဘဝပြတ်ဟောရင်မကြိုက်ဘူး (မှန်ပါ့)၊ ဥစ္ဆေဒဒိဋ္ဌိသမားက ဘဝပြတ်ဟောရင်ကြိုက်တယ် (မှန်ပါ့)၊ အဲဒါ နှစ်ယောက်စလုံး လွဲတယ်လို့ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ပထမပုဂ္ဂိုလ်က ဘာ့ကြောင့် လွဲတယ်လို့ ဆိုရသတုံးဆိုလို့ရှိရင် ဘဝဒိဋ္ဌိ ဘဝတဏှာရှိနေသောကြောင့် နိဗ္ဗာန်မကြိုက်နိုင်သောကြောင့်လည်း ဒီဒိဋ္ဌိအပင်းခံနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ ဒုတိယပုဂ္ဂိုလ်က ဆင်းရဲလွန်းလို့ ဘဝကျွတ်ရေး၊ လွတ်ရေးတော့ အလိုရှိပါရဲ့၊ နောက်ဘာမှမဖြစ်တာ ကြိုက်ပြီးသကာလနေတဲ့အတွက် ဒုက္ခချုပ်တာရယ်လို့ကို မယူတတ်ဘဲနဲ့ သေတစ်နေ့ မွေးတစ်နေ့ဆိုတဲ့ အကြိုက်မျိုးကို ကြိုက်နေပြန်လို့ရှိရင် ဘာဒိဋ္ဌိပါလိမ့်. . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)၊ သူကလည်း ဘဝပြတ်ဆိုရင်အရမ်းကြိုက်တာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သုတ္တန်တရားတွေကို ဟော တော့ ဒီဘဝ ဘာလုပ်ပြီး ဟိုဘဝခံစားရမယ် ဆိုပြီး သကာလ ဟိုဘဝမှာ ဒီကိုယ်နဲ့ ခံစားရတယ်ထင်ပြီး ကြိုက်နေတဲ့ ပုဂ္ဂိုလ် ကျတော့ ဘာဒိဋ္ဌိဆိုကြမလဲ . . . (သဿတဒိဋ္ဌိပါ)၊ ဒီဘဝ သေပြီးရင် နောက်ဘဝ ဘာမှမဖြစ်တော့ဘူးဆိုတာ ကြိုက်နေ ပြန်လို့ ရှိရင်လဲ ဘာဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

## ချမ်းသာတောင့်တတဲ့ပုဂ္ဂိုလ်

များသောအားဖြင့်တော့ ချမ်းသာသုခ တောင့်တတဲ့ ပုဂ္ဂိုလ် သဿတဘက် သွားသည် . . . (မှန်ပါ့)၊ ချမ်းသာလိုတဲ့ ပုဂ္ဂိုလ်က ဒီသား ဒီသမီး ဒီမြေး ဒီမြစ်နဲ့ နိဗ္ဗာန်အတူတူဝင်ချင် တယ်ဆိုတာ ဘာဒိဋ္ဌိမျိုးပါလိမ့် . . . (သဿတဒိဋ္ဌိမျိုးပါ)၊ အို ကိုယ်မချိ အမိသော်လည်း သားတော်ခဲ ဘဝပြတ်အေးတာပဲလို့ ယူလိုက်ပြန်လို့ ရှိရင်လဲ ဘာသမားပါလိမ့် . . . (ဥစ္ဆေဒဒိဋ္ဌိ သမားပါဘုရား)။

အဲဒီတော့ သဿတသမားက ဘဝထဲ ပုန်းအောင်း နေတယ် . . . (မှန်ပါ့)၊ ဥစ္ဆေဒသမားက နိဗ္ဗာန်ရောက် ကြောင်းကို ဟောလိုက်လို့ရှိရင်ဖြင့် ဟောတာထက်လွန်ပြီး သကာလ ဉာဏ်လွန်သွားတက်တယ်။ (မှန်ပါ့) သဘောကျ ပလား (ကျပါပြီ)။ ဒါဖြင့် ဘဝပုန်းအောင်းတာက ဘာဒိဋ္ဌိ . . .

(သဿတဒိဋ္ဌိပါ)၊ ဟောတာထက် လွန်ပြီးသွားတာက . . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲဒါကြောင့် အလယ်လမ်းမရောက်သရွေ့ ကာလပတ်လုံး ဒီဒိဋ္ဌိနှစ်ခု တစ်ခုခုခံလို့ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့တရားပွဲမှာဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား) သဿတနဲ့ဥစ္ဆေဒအလယ်မရောက်သရွေ့ ကာလပတ်လုံး ဘယ်အခါကာလမဆို ဘုရားမြတ်စွာတွေ ဘယ်လိုပင်ပွင့်နေစေကာမူ ကိုယ်အလယ်လမ်းပေါ်မရောက်သရွေ့ ကာလပတ်လုံး ကိုယ်နိဗ္ဗာန်မရဘူး . . . (မှန်ပါ့) ဘာခံနေလို့ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ) ဘာပါလိမ့်ဗျာ . . . (သဿတနဲ့ ဥစ္ဆေဒ ခံနေပါတယ်ဘုရား)၊ သဿတ ဥစ္ဆေဒဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

## ကသိုလ်အများကြီးပြုတယ်

ဒါဖြင့် ဒကာ ဒကာမတို့က သဿတနဲ့ ဥစ္ဆေဒဟာ သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာတော့ ယနေ့ ရှင်းပါပြီတဲ့ (မှန်ပါ့)၊ သဿတသမား ဘယ်လိုစိတ်ထား စိတ်နေရှိတယ်ဆိုတာ ဘုန်းကြီးရှင်းပြမယ်နော် . . . (မှန်ပါ့)။ သဿတသမားက ဒီဘဝ ဟိုဘဝရှိတယ်ဆိုတာလဲ သူယုံကြည်တယ်။

ကုသိုလ်လဲ အင်မတန်ပြုတယ် (မှန်ပါ)၊ ကုသိုလ်လည်းအများကြီး ပြုပါတယ်၊ သဿတသမားများမှာ (မှန်ပ့ါ)၊ အကုသိုလ်လည်း ကြောက်တယ် (မှန်ပ့ါ)၊ ဒါဘယ်သူ့ သတ္တိထင်ကြသတုံး . . . (သဿတသမားသတ္တိပါ)၊ သို့သော်လည်း ဝဋ်ဘဝထဲ ဟိုဘဝ ဒီဘဝရောက်မယ်ဆိုပြန်တော့လည်း ပျော်နေတယ် . . . (မှန်ပ့ါ ဘုရား)။

အဲ့ဒီပုဂ္ဂိုလ်ဟာ ဆရာကောင်း သမားကောင်းနဲ့ တွေ့ ငြားသော်လည်း ကျွတ်တမ်းဝင်မှု နှေးကွေးတယ် . . . (မှန်ပ့ါ)၊ ဘာခံနေလို့ပါလိမ့် . . . (သဿတဒိဋ္ဌိခံနေလို့ပါဘုရား)။

## ကျွတ်တမ်းဝင်မှုနှေးတယ်

တစ်ခေါက်ပြန်ပြောပါဦးမယ်၊ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ် စိတ်ထားကို . . . (မှန်ပ့ါ)၊ ဟိုဘဝ သည်ဘဝရှိတယ်ဆိုတာ လည်း သူယုံကြည်တယ်၊ ကောင်းတာလုပ် ကောင်းကျိုးပေး တယ်ဆိုတာလည်း သူယုံကြည်တယ် . . . (မှန်ပ့ါ)၊ ကုသိုလ်ကို လည်း ပြုလေ့ရှိပါတယ်၊ အကုသိုလ်ကိုလည်း ကြောက်လေ့ ရှိပါတယ်၊ ကောင်းတဲ့ဘဝထဲ သူပျော်မွေ့ချင်တာကိုးဗျ . . . (မှန်ပ့ါ) အဲဒီပုဂ္ဂိုလ်က ဘုရား၏တပည့်သားနဲ့ဖြစ်စေ၊ ဘုရားနဲ့ ဖြစ်စေတွေ့စေကာမူ ကျွတ်တမ်းဝင်မှု နှေးကွေးတယ်၊ ရုတ်တရက် ကျွတ်တမ်းမဝင်နိုင်ဘူး . . . (မှန်ပ့ါ)၊ ဘာခံနေလို့ပါလိမ့် . . .

(သဿတဒိဋ္ဌိ ခံနေလို့ပါဘုရား)၊ တယ်လဲ သဿတဟာ ဆိုးပါလား ဒကာသစ်ရေ. . . (ဆိုးပါတယ်ဘုရား)။

## ကုသိုလ်ပြုလေ့မရှိဘူး

ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုဘဝ ဒီဘဝရှိတယ်ဆိုတာ သူမယုံကြည်လှဘူးတဲ့ ကုသိုလ်လည်း ပြုလေ့ မရှိဘူးတဲ့၊ (မှန်ပါ့)၊ အကုသိုလ်ပြုတဲ့အခါကျတော့ ဘဝပြတ်တာပဲ ဘာအရေးကြီးသတုံးဆိုပြီး အကုသိုလ်ကျတော့လည်း ရဲရဲတင်းတင်း ပြုတယ်. . . (မှန်ပါ့)၊ ဒါ ဘာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါလိမ့် . . . (ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

အဲဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုလိုရှိရင်ဖြင့် အကုသိုလ်မှိုဝဲခဲ့တယ်၊ ကုသိုလ်ကိုမပြုခဲ့ဘူး၊ သဘောကျပလား. . (ကျပါပြီ)၊ ကုသိုလ်ကျတော့ မပြုဘူး၊ အကုသိုလ်ကျတော့ ပြုတာပဲ၊ ငါ့မှာ ဘဝပြတ် ဘာကိစ္စရှိသတုံး၊ ဆိုပြီး သကာလ လုပ်နေကြတာ။ တချို့တရား အစောင်းအတိမ်းတွေနဲ့ တွေ့တဲ့အခါကျတော့ အကုသိုလ်လုပ်လည်း ကျေနပ်မှာ ကျုပ်မှာ အပြစ်မရှိဘူး ပြောချင်ပြောနေတာ. . . (မှန်ပါ့)၊ အဲဒါဥစ္ဆေဒအယူရှိတဲ့ ပုဂ္ဂိုလ်တွေနော်. . . (မှန်ပါ့)၊ သူဘဝပြတ်ပြီဟေ့ ဆိုပြီးသကာလ အကုသိုလ်လုပ်ပါတယ်တဲ့၊ ဒါ ဥစ္ဆေဒအယူရှိတဲ့ ပုဂ္ဂိုလ်၏ စိတ်ထားပဲ. . . (မှန်ပါ့ဘုရား)။

## မြန်မြန်ကျွတ်တမ်းဝင်နိုင်တယ်

အဲဒီပုဂ္ဂိုလ်ကျတော့ ဘုရားနဲ့တွေ့တွေ့၊ ဘုရား၏ တပည့်သားနဲ့တွေ့တွေ့ မြန်မြန် သူ့အယူကို စွန့်တယ်၊ မြန်မြန် အယူစွန့်ပြီး မြန်မြန် ကျွတ်တမ်းဝင်နိုင်တယ်. . . (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဘယ်သူက နိဗ္ဗာန်နဲ့ နီးပါလိမ့်. . . (ဥစ္ဆေဒ က နီးပါတယ်ဘုရား၊ သဿတသမားက ဝေးပါတယ်ဘုရား)။

ဒါဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ အားလုံး တရားတစ် ပွဲလုံး ဆုံးဖြတ်ချက်ချကြစမ်းပါ၊ ငါတို့ဟာ ဘာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ထဲ မှာ ပါနေတယ်ဆိုတာ ကိုယ့်ဟာကိုယ် ဝေဖန်ကြ . . . (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဒကာသစ် ဒီနေ့တရားမှာ ပြင်ရလိမ့်မယ်၊ မဇ္ဈိမပဋိပဒါ အလယ်လမ်းရောက်အောင် ပြင်ရလိမ့်မယ်ဆိုတဲ့ ဥစ္စာသေသေချာချာမှတ်ကြပါ. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ ယခုပြမှာ ဘယ်လမ်း ပြမယ်ထင်ကြသတုံး. . . (မဇ္ဈိမပဋိပဒါ အလယ်လမ်းပြမှာပါ ဘုရား)။

"ဣမေ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ" ခန္ဓာငါးပါးရှိတယ်လို့ သေသေချာချာမှတ်ယူရမယ်. . . (မှန်ပါ့ ဘုရား)။

## အသိငါးမျိုး

ဒကာ ဒကာမတို့ ဘာတဲ့တုံး (ခန္ဓာငါးပါးရှိတယ်လို့ ယူရပါမယ်)၊ ခန္ဓာငါးပါးရှိတယ်လို့ ကောန် ယူရမယ်နော်. . . (မှန်ပါ့)၊ ခန္ဓာငါးပါးရှိလို့ ရှိရင်ဖြင့် ၁။ အနိစ္စတရား ရှိ-မရှိ. . . (ရှိပါတယ်ဘုရား)၊ ၂။ ဒုက္ခတရား (ရှိပါတယ်)၊ ၃။ အနတ္တတရား (ရှိပါတယ်ဘုရား)၊ ၄။ အသုဘတရား (ရှိပါတယ်ဘုရား)၊ ၅။ ဒုက္ခ သစ္စာတရား. . . (ရှိပါတယ်ဘုရား)။

ဒီလို သိထားတော့မှ ဒါ အလယ်လမ်းပေါ် တက်လာလို့ ရှိရင် ဒီအသိ ငါးမျိုးဝင်လာတယ်. . . (မှန်ပါ့)၊ အလယ်လမ်းပေါ် တက်လာလို့ရှိရင် ဒီအသိ ငါးမျိုး ဝင်လာတယ်လို့ မှတ်လိုက်စမ်း ပါ. . . (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးလည်း ရှိတယ်၊ ၎င်းခန္ဓာငါးပါးမှာ **အနိစ္စ** သဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ အသုဘသဘော၊ ဒုက္ခ သစ္စာသဘော၊ ဒီငါးမျိုးရှိတယ်ဆိုတာ ဒကာ ဒကာမတွေက ကောန်ယုံ၊ တကယ်ယုံပါ. . . (မှန်ပါ့)၊ ကောန်ယုံ, တကယ်ယုံတဲ့ အခါကျတော့မှ အလယ်လမ်းပေါ်တက်စပြုတယ်. . . (မှန်ပါ့ဘုရား)။

ဘူတံ ဘူတတောပဿတိ ဘူတံ-ခန္ဓာငါးပါး အနိစ္စတရားကို ဘူတတော၊ ခန္ဓာငါးပါး အနိစ္စတရားရှိ၏ဟူ၍၊ ပဿတိ-မြင်၏။ ဩော်. . . ခန္ဓာငါးပါး အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, ဒုက္ခသစ္စာတရားရှိပါကလားလို့ သိထားရမယ်. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာဉာဏ်နဲ့ဝေဖန်ကြည့်

ဘုရား ဘုရားတော ဒိသွာ - သူ့ကို တစ်ခါတည်း ဒကာ ဒကာမတွေ့က ဝိပဿနာရှုပြီး ဉာဏ်ကလေးနဲ့ ဝေဖန်ကြည့်ရမယ်နော်. . . (မှန်ပါဘုရား)။

ခန္ဓာငါးပါး ဝိပဿနာဉာဏ်နဲ့ ဒကာ ဒကာမတွေ ဘာလုပ်ရမယ်. . . (ဝေဖန်ကြည့်ရပါမယ်)၊ ဝေဖန်ကြည့်တဲ့အခါ ကျလို့ရှိရင် ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ ခန္ဓာကလေးက အနိစ္စသဘောတွေ ပြော၊ ဒုက္ခသဘောတွေပြော၊ အနတ္တသဘောတွေ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ပြောလာလို့ရှိရင် ဘုရား-ဘုရားတော ဒိသွာ၊ ထင်ရှားရှိတဲ့ ခန္ဓာငါးပါး၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားတွေကို ဒကာကြွယ်မြင်လာပြီ . . . (မှန်ပါ)၊ မြင်လာတဲ့အခါကျတော့ ဒီလိုမြင်လာရင်ပဲ ဒကာသစ်က မပူနဲ့တော့၊ ဦးဘအုန်း မပူနဲ့တော့. . . (မှန်ပါ)၊ ဒီလိုမြင်လာတော့ ဖြစ်မှု မြင်ကတည်းက ဥစ္ဆေဒစင်နေပြီ. . . (မှန်ပါ)၊ ပျက်မှုမြင်ကတည်းက (သဿတ စင်နေပါတယ်ဘုရား)။

## အလယ်လမ်းတက်လိုက်လို့ ဒိဋ္ဌိစင်တယ်

ကြည့်စမ်း ဒကာ ဒကာမတို့ အလယ်လမ်းတက်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒိဋ္ဌိနှစ်မျိုး စင်ထွက်သွားတယ် (မှန်ပါ)၊

အလယ်လမ်းတက်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း (ဒိဋ္ဌိနှစ်မျိုး စင်သွားပါတယ်)၊ ခိုင်မြဲတာလည်း မယူတော့ဘူး၊ ပြတ်တာလည်း မယူတော့ဘူးမဟုတ်လား. . . (မှန်ပါ့)၊ "သဗ္ဗေသင်္ခါရာအနိစ္စာ" ဆိုတဲ့အတိုင်း သင်္ခါရက ပြုပြင်တာ၊ အနိစ္စက ဖျက်ချလိုက်၊ သင်္ခါရက ပြုပြင်လိုက်၊ အနိစ္စက ဖျက်ချလိုက်၊ ဤကဲ့သို့ချည်း ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ ထင်လာတယ်. . . (မှန်ပါ့ဘုရား)။

ဒီလိုဖြစ်ပျက်မြင်တယ်ဆိုရင်ပဲ ဩော်. . . ငါတို့သည် ဘဝများစွာ သံသရာက ဘဝခင်တွယ်ခြင်းကြောင့် သဿတရှုံ့ခဲ့ တာဟာ ဒီအမြင်မရလို့. . . (မှန်ပါ့ဘုရား)။

## လောကထဲမှာဖြစ်ပျက်သာရှိတယ်

ဒကာသစ် အဖိုးတန်သွားပြီ. . . (တန်သွားပါပြီဘုရား)။ ဒီအမြင်ကလေးရလိုက်တာ ဦးလှဘူး အဖိုးတန်သွားတယ်. . . (မှန်ပါ့)၊ ဒီဟာကလေးဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဖျက်ခနဲ ဖျတ်ခနဲ ပျောက်ပျောက်သွားပြန်တော့လည်း ဖြစ်လိုက် ပျောက်လိုက် ဖြစ်လိုက်, ပျောက်လိုက်နဲ့ ဒီလိုမြင်ပြီးသကာလ နေပြန်တော့လည်း ပျောက်တာမြင်ပြန်တော့လည်း သဿတ စင်သွားတယ်. . . (မှန်ပါ့)၊ ဖြစ်တာမြင်ပြန်တော့လည်း (ဥစ္ဆေဒ စင်ပါတယ်)၊ ဥစ္ဆေဒစင်သွားတော့ ဩော်. . . လောကကြီးထဲမှာ

ဖြစ်မှု ပျက်မှုသာရှိတယ်၊ ခိုင်တာလည်းမရှိဘူး၊ မြဲတာလည်း မရှိဘူး. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်ဘူတံ-ထင်ရှားရှိတဲ့ အနိစ္စ, ဒုက္ခ, အနတ္တတရား, အသုဘတရား, ဒုက္ခသစ္စာတရားကို၊ ဘူတတော-ဖြစ်ပျက်သာ ရှိသောအားဖြင့်၊ ဒိသွာ-မြင်၍ (မှန်ပါ့)၊ ဒီလိုမြင်လို့ရှိရင်ပဲ ဒကာကြွယ်၊ ဒကာသစ်၊ ဦးလှဘူးတို့ မပူနဲ့တော့. . . (မှန်ပါ့)၊ မပူနဲ့တော့၊ ဘာစင်သွားသတုံး. . . (သဿတ ဥစ္ဆေဒ စင်ပါ တယ်ဘုရား)။

ဩော်. . . ဒါဖြင့် ရှေးတုန်းက ကျုပ်တို့ သဿတ ယူမိ တာလည်း ဒကာ ဒကာမတို့ အပျက်ကိုမရှုမိလို့ပဲ. . . (မှန်ပါ့)၊ ဥစ္ဆေဒယူမိတာလည်း ဖြစ်မှုကို တစ်ခါမှ မမြင်ဖူးလို့ပဲ. . . (မှန်ပါ့)၊ ဆိုနိုင်ကြလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ရှေးတုန်းကဝိပဿနာကင်းခဲ့လို့

ရှေးတုန်းက သဿတ ဥစ္ဆေဒယူတာဟာ အပျက်ကို မမြင်သောကြောင့်လည်း သဿတ ယူမိပါတယ်. . . (မှန်ပါ့)၊ အဖြစ်ကို မမြင်သောကြောင့်လည်း ဥစ္ဆေဒယူမိပါတယ်. . . (မှန်ပါ့)၊ ဒါဖြင့် ရှေးတုန်းက ကျုပ်တို့မှာ ဝိပဿနာကင်းခဲ့လို့ပဲ ဆိုတာ ဦးဘအုန်း ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့ ဘုရား)။

ရှေးတုန်းက ဘာကင်းခဲ့ပါလိမ့်. . . (ဝိပဿနာကင်းခဲ့ပါတယ်)၊ ဝိပဿနာကင်းခဲ့လို့သာ ဒကာ ဒကာမတွေ ဒီအခြေဆိုး အနေဆိုးနဲ့, မဂ်တား, ဖိုလ်တားတရားနှစ်ခုအနက် တစ်ခုခုနဲ့ ကျုပ်တို့နေခဲ့ရတဲ့ ဖြစ်တွေဟာ ဒကာသစ်ရေ သိပ်ဆိုးတာပဲ . . . (ဆိုးပါတယ်ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း - ယနေ့တော့ဖြင့် ဒကာ ဒကာမတွေ အင်မတန်အဖိုးတန်တဲ့နေ့ ဩော်. . . ငါတို့ဆရာက ခန္ဓာငါးပါးရှိတယ်ဆိုတာလည်း သိရမယ်၊ ရှိပြီးခန္ဓာငါးပါးဖြစ်မှုနဲ့ ပျက်မှုနဲ့ နေတယ်ဆိုတာလည်း သိရမယ်. . . (မှန်ပါ့ဘုရား)။

## ဖြစ်မှုမြင်ရင်ဥစ္ဆေဒစင်တယ်

ခန္ဓာငါးပါးရှိတယ်ဆိုတာလည်း. . . (သိရပါမယ်)၊ ရှိပြန်ပြီး ဘာနဲ့နေပါလိမ့် ဖြစ်မှုနဲ့ . . . (ပျက်မှုနဲ့နေပါတယ်)၊ ဖြစ်မှုပျက်မှုနဲ့ နေတယ်လို့သိတော့ ဖြစ်မှုမြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိ စင်ပြီး၊ ဝမ်းထဲမှာ ဘဝများစွာ သံသရာက ကပ်လာတဲ့ ဥစ္ဆေဒဒိဋ္ဌိလည်း စင်သွားပါပြီ. . . (မှန်ပါ့)၊ ဝမ်းထဲမှာ ဘဝများစွာ သံသရာက သဿတဒိဋ္ဌိ ရှိလာခဲ့တဲ့ပုဂ္ဂိုလ်ကလည်း ပျက်မှုမြင်တဲ့အချိန်က စပြီးတော့ . . . (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မှ အလယ်လမ်းပေါ်ကို ရောက်ပါတယ်. . . (မှန်ပါ့)၊

ဒကာကြွယ် ဘာတဲ့ဗျာ. . . (ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်မှ အလယ် လမ်းပေါ် ရောက်ပါတယ်ဘုရား)။

အဲဒီတော့ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေမှာပင် သဿတဒိဋ္ဌိဝင်ကပ်မှု များလေရဲ့ . . . (မှန်ပါ့ဘုရား)။

ဒကာသစ် ယုံပလား. . . (ယုံပါပြီဘုရား)၊ ဗုဒ္ဓဘာသာ ဝင်လို့ အမည်ခံထားစေကာမူ နောက်ဘဝမရှိဘူး၊ သေရင် ပြတ်တယ်လို့ ယူထားတဲ့ ပုဂ္ဂိုလ်တွေမှာ ဥစ္ဆေဒ ဒိဋ္ဌိရှိတယ်. . . (မှန်ပါ့)၊ မွေးတစ်နေ့ သေတစ်နေ့ပဲကွာ၊ ဟိုဘဝဆိုတာ မယုံပါ ဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒကာသစ် ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (ဥစ္ဆေဒအယူပါဘုရား)၊ ဥစ္ဆေဒသမားတွေဆိုတာ မသေချာဘူးလာ. . . (သေချာပါတယ်) ဒါဖြင့် သူတို့ မဂ်တား, ဖိုလ်တား နှစ်ယောက်သားပဲလို့ ဆိုရင်. . . လွဲပါ့မလား. . . (မလွဲပါဘုရား)။

အဲဒါ ယနေ့ ဆရာဘုန်းကြီးက ဒကာ ဒကာမတွေ အထူး သဖြင့် ရွက်ဆောင်ပြီးသကာလာ ပေးလိုက်တာ ဒကာ ဒကာမတို့ ခင်ဗျားတို့ သန္တာန်၌ ဖြစ်မှုကလေးကိုလည်း မြင်အောင်ကြည့်ပါ၊ ပျက်မှုကလေးကိုလည်း (မြင်အောင်ကြည့်ရပါမယ်ဘုရား)၊ ကဲ မယုံရင် ကိုယ့်လက်မောင်းကလေး တစ်ခုကို ကိုယ့်လက်သည်း ကလေးနဲ့ ခြစ်ကြည့်လိုက်တာပေါ့၊ နာမှုကလေးဖြစ်လာတယ် . . . (မှန်ပါ့)၊ နောက်နာမှုကလေး ပျောက်မသွားဘူးလား

(ပျောက်သွားပါတယ်)၊ ဩော်. . . ဒီခန္ဓာထဲမှာ နာမှုဝေဒနာကလေးဟာ ဖြစ်မှုပျက်မှု ရှိပါကလား. . . (မှန်ပါ့ဘုရား)။

တစ်ခါ နာမှု ဝေဒနာကလေးကို သိတဲ့ စိတ်ကလေးကလည်း နာတာလည်းသိ၊ မနာလည်း သူသိတာပဲ. . . (မှန်ပါ့)၊ သူသိပြီး ပျက်သွားတာပဲ. . . (မှန်ပါ့ဘုရား)။

## အရှုခံကဖြစ်ပျက်၊ ရှုဉာဏ်လဲဖြစ်ပျက်

ဒါဖြင့် အာရုံဘက်ကလည်း ဖြစ်ပျက်၊ အာရမ္မဏိက ရှုတဲ့ဘက်ကကော. . . (ဖြစ်ပျက်ပါဘုရား)၊ ဩော်. . . ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ရှုစရာကလည်း ဖြစ်ပျက်၊ ရှုဉာဏ်ကလည်း ဖြစ်ပျက်၊ အရှုခံတာလည်း. . . ဖြစ်ပျက်၊ အကုန် ဖြစ်ပျက်ချည်း ရှိနေပါကလားလို့ သိနေလို့ရှိရင် ဘာစင်တယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ. . . (သဿတနဲ့ ဥစ္ဆေဒ စင်ပါတယ်ဘုရား)၊ ဥစ္ဆေဒရော စင်ပါတယ်။

## အပျက်မြင်ရင်သဿတစင်တယ်

ဒါဖြင့် ဘဝများစွာ သံသရာက ဒကာကြွယ်တို့၊ ဦးလှဘူးတို့၊ ဒကာသစ်တို့၊ ဦးဘအုန်းတို့ ဆုံးဖြတ်ချက် ချကြည့်စမ်း အဖြစ်မမြင်ခဲ့သော် သူဘယ်အယူနဲ့ နေလေ့ရှိပါလိမ့်. . . (ဥစ္ဆေဒနဲ့ပါဘုရား)၊ အပျက်မမြင်ခဲ့သော် ဘယ်အယူနဲ့ နေလေ့ရှိပါလိမ့် . . .

(သဿတနဲ့ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ အဖြစ် မြင်လို့ ရှိရင် ဥစ္ဆေဒပြုတ်တယ်၊ အပျက်ကို မြင်လို့ရှိရင်. . . (သဿတ ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဆရာဘုန်းကြီး နှစ်ပေါင်းများစွာ ဆိုသလိုပဲ၊ ဖြစ်ပျက်ရှုပါ၊ ဖြစ်ပျက်ရှုပါဆိုတာ အလယ်လမ်း တက်ခိုင်းတာ. . . (မှန်ပါ့)၊ ဖြစ်ပျက်မပါတဲ့တရား မှန်ခဲ့သော် ဒကာ ဒကာမတို့ ဒိဋ္ဌိနှစ်ခုရှိနေတဲ့အတွက် ဘယ်တော့မှ နိဗ္ဗာန် မရတဲ့ တရားလို့မှတ်ကြပါ. . . (မှန်ပါ့)၊ သဘောကျပလား (ကျပါ ပြီဘုရား)။

## ဖြစ်ပျက်က ခန္ဓာငါးပါးအကုန်နော်

ဖြစ်ပျက်ကလည်း ခန္ဓာငါးပါးအကုန်နော်. . . (မှန်ပါ့)၊ ဝေဒနာကလေးတစ်လုံးတည်းလို့ ယူမနေနဲ့နော်. . . (မှန်ပါ့)၊ အလုံးစုံ အကုန်ရောပြီ ပျက်တာတွေပါသိရမယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ဘဝများစွာ သံသရာကအဖြစ်လည်း မမြင်ဖူးသောကြောင့် ဥစ္ဆေဒကြိုက်ခဲ့ကြတယ်. . . (မှန်ပါ့)၊ အပျက် မမြင်ဖူးသောကြောင့်. . . (သဿတကြိုက်ခဲ့ပါတယ် ဘုရား)။

## ဒီဘဝဆရာကောင်းနဲ့မတွေ့ရင်

ဒကာသစ်ရေ ဒါဖြင့် ကျုပ်တို့ တစ်ခုခုတော့ ဖြစ်ခဲ့ပြီဆိုတာ သေချာတယ်. . . (မှန်ပါ့)၊ ဒီဘဝတောင်မှ ဆရာကောင်းနဲ့ မတွေ့လို့ရှိရင် ခင်ဗျားတို့ အများအားဖြင့် သဿတဘက်သွားလေရဲ့ . . . (မှန်ပါ့)၊ ဒကာကြွယ်မသွားဘူးလား. . . (သွားပါတယ်)။

ကျောင်းဆောက်၊ ဘုရားတည် အလှူပြုပြီး ငါလုပ်ငါရမှာပေါ့၊ ငါခံစားဖို့ ငါလုပ်ထားခဲ့ရတယ်ကွ၊ တစ်ခါတည်း သဿတဘက်မသွားဘူးလား. . . (သွားပါတယ်)၊ ဥစ္ဆေဒယူလိုက်တဲ့ ပုဂ္ဂိုလ်ကလည်း မွေးတစ်နေ့ သေတစ်နေ့ကွာ ဘာထူးမှာတုံး၊ နောက်ဘဝဆိုတာ မယုံပါဘူး. . . (မှန်ပါ့)၊ သူ့ကျတော့ ဘယ်ဘက်သွားပြန်ပါလဲမ်. . . (ဥစ္ဆေဒဘက် သွားပါတယ်ဘုရား)။

အဲ့ဒါ အားလုံးတရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချစမ်းပါ၊ ဘာကို မမြင်လို့ပါလိမ့်. . . (ဖြစ်ပျက်ကို မမြင်လို့ပါဘုရား)၊ ရှင်းပေးပါဦးမယ်၊ ဖြစ်တာကို မြင်ရင် ဥစ္ဆေဒစင်တယ်၊ အပျက်မြင်ရင် . . . (သဿတ စင်ပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်မှ အလယ်လမ်းရောက်တယ်

အဲ့ဒီတော့ ဖြစ်ပျက်နှစ်ခုကို မြင်ပါမှ ကျုပ်တို့သည် ဘူတံ ဘူတတော ဒိသွာ-ဆိုသည့်အတိုင်း ဘူတံ-ခန္ဓာငါးပါး ရုပ်နာမ် ဖြစ်ပျက်တရားကို၊ ဘူတတော-ဖြစ်ပျက်နေပါကလားလို့ ဒိသွာ-မြင်မှသာလျှင်တဲ့ အလယ်လမ်းရောက်တယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာကြွယ်ရေ ဆရာဘုန်းကြီးက ဘာဟော သတုံးဆိုရင် ဒကာကြွယ်အဖြေထွက်ပလား. . . (ထွက်ပါပြီ)၊ ဘာဟောပါလိမ့်. . . (အလယ်လမ်း ဟောပါတယ်ဘုရား)။

အလယ်လမ်းဟောတော့ကို အလယ်လမ်းဟာ ဘယ်အမြင်ရောက်မှ အလယ်လမ်းဆိုတာကော သိပလား. . . (သိပါပြီ)၊ ဘယ်အမြင်ပါလိမ့်. . . (ဖြစ်ပျက်အမြင်ပါဘုရား)၊ ဖြစ် ပျက်မြင်မှ အလယ်လမ်းရောက်တယ်. . . (မှန်ပါ့)၊ ဖြစ်ပျက်မပါ တဲ့ တရားဆိုရင် အလယ်လမ်းပေါ် ကို သိကိုမသိဘူး ဦးဘအုန်း . . . (မှန်ပါ့)၊ သိသေးရဲ့လား. . . (မသိပါဘုရား)။

ဒီဥစ္စာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို သေသေချာချာ ပြနေတာ၊ ရှင်သာရိပုတ္တရာဟောပြီး ဘုရားက ထောက်ခံချက် ပေးတဲ့ကျမ်းလို့ မှတ်လိုက်စမ်းပါဦး. . . (မှန်ပါ့)၊ ဟောတာက ရှင်သာရိပုတ္တရာ၊ ထောက်ခံချက်ပေးတာက ဘုရား. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်မြင်ပြီးမှ ငြီးငွေ့တာ

အဲဒီ ဖြစ်ပျက်မြင်မှသာလျှင် ဘယ်လမ်းပေါ် ရောက် သတုံး . . . (အလယ်လမ်းပေါ် ရောက်ပါတယ်)၊ ဖြစ်ပျက် မြင်တော့မှ ဘူတံ ဘူတတော ဒိသွာ၊ ဘူတဿနိဗ္ဗိဒါယ၊ ဖြစ်ပျက် မြင်ပြီးမှ ငြီးငွေ့တယ်ဆိုတာလိုက်တာ (မှန်ပါ့)၊ ဖြစ်ပျက်မမြင်ရင် (ငြီးငွေ့တာ မလိုက်ပါဘုရား)၊ ငြီးငွေ့တာမလိုက်လို့ရှိရင်ဖြင့် ဒကာအုန်းတို့ကု စဉ်းစားတာပေါ့၊ သာယာနေဦးမယ်. . . (မှန်ပါ့)၊ မသာယာပေဘူးလား. . . (သာယာပါတယ်ဘုရား)။

## ယထာဘူတဉာဏ်

အဲဒါကြောင့် ဘူတဿ=ဖြစ်ပျက်တရားကို၊ နိဗ္ဗိဒါယ = ငြီးငွေ့ခြင်းငှာတဲ့၊ ဝိရာဂါယဆိုတော့ သူ့ကို ငြီးငွေ့ပြီးရင် လိုချင်တဲ့ သဘောရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ မလိုချင်လို့ရှိရင် ရှေ့ပိုင်းက ဖြစ်ပျက်မြင်လို့ရှိရင် ယထာဘူတဉာဏ်ဆိုတာက သဿတ ဥစ္ဆေဒက္ခာလို့ ယထာဘူတဉာဏ်လို့ ပြောလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်တာသည် ဘာဉာဏ်ပါလိမ့် = (ယထာဘူတဉာဏ်ပါ) ဘယ့်နှယ်ကြောင့် သူ့ကို ယထာဘူတဉာဏ်လို့ဆိုရပါလိမ့်. . . (သဿတဥစ္ဆေဒပယ်နိုင်လို့ပါ)၊ သဿတနဲ့ ဥစ္ဆေဒနှစ်ခုစလုံးကို ပယ်နိုင်လို့ သူ့ကို ဘာဉာဏ်ခေါ်ကြမယ်. . . (ယထာဘူတဉာဏ်ပါဘုရား)၊ သေချာပါလား. . . (သေချာပါပြီ)။

## သေပျော်တဲ့တရား

ဩော်. . . ဒါဖြင့် ဦးလှဘူးတို့ရေ သေပျော်တဲ့တရားပဲ . . . (မှန်ပါ့)၊ ဖြစ်ပျက်မြင်တော့ ဘာဉာဏ်တဲ့ဗျာ. . . (ယထာဘူတဉာဏ်ပါ)၊ ဒီဉာဏ်က ဘယ်ဒိဋ္ဌိနှစ်ခုကို ဖြုတ်ပစ်လိုက်တယ်ဆိုတာကော သေချာပလား. . . (သေချာပါပြီ)၊ သဿတ ဥစ္ဆေဒ နှင်ထုတ်ပစ်တဲ့ဉာဏ်. . . (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

ဘာ နှင်ထုတ်ပစ်ပါလိမ့်. . . (သဿတ ဥစ္ဆေဒ နှင်ထုတ်ပစ်ပါတယ်ဘုရား)၊ ကိုင်း-ဒါဖြင့် သဿတဥစ္ဆေဒ နှင်ထုတ်လိုက်လို့ ခုနင်ကပြောတဲ့ နိဗ္ဗိန္ဒာဉာဏ်ဆိုတာ ဖြစ်ပျက်ရှုဖန်များလို့ ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်)၊ ဖြစ်ပျက်ရှုဖန်များလို့ နိဗ္ဗိန္ဒာဉာဏ်ပေါ်လာတာသည် ကားလို့ဆိုရင် အဖြစ်ကိုလည်း ငြီးငွေ့တယ်. . . (မှန်ပါ့)၊ အဖြစ် ငြီးငွေ့တယ်ဆိုကတည်းက ဥစ္ဆေဒမရှိတော့ဘူး. . . (မှန်ပါ့)၊ အပျက်ငြီးငွေ့ပါတယ် ဆိုကတည်းကကော. . . (သဿတမရှိတော့ပါဘုရား) သဿတမရှိတော့ သဿတဥစ္ဆေဒမကပ်လို့ ငြီးငွေ့တဲ့ ဒုတိယဉာဏ်တက်လာတာလို့ ဒကာကြွယ် မှတ်စမ်းပါ. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ငြီးငွေ့တဲ့ဉာဏ်တက်လာပါလိမ့်မတုံး . . . (သဿတဥစ္ဆေဒ မကပ်လို့ပါဘုရား)၊ သဿတ ဥစ္ဆေဒအနားကို မသိနိုင်လို့. . . (မှန်ပါ့)၊ သဿတရှိရင် သာယာနေမယ်ဗျ. . . (မှန်ပါ့)၊ ဥစ္ဆေဒရှိရင် အယူလွဲမယ်. . . (မှန်ပါ့)။

## မဂ်ကိုကျေးဇူးပြုမည့်ဉာဏ်

ဒါဖြင့် ဒကာ ဒကာမတို့ ပြော်. . . ငြီးငွေ့တဲ့ဉာဏ်ဆို တာ ဖြစ်ပျက်မြင်မှ ငြီးငွေ့နိုင်တယ် . . . (မှန်ပါ့)၊ ဒီဒိဋ္ဌိနှစ်ခု တစ်ခုခုခံနေရင် ငြီးငွေ့တယ်ဆိုတဲ့ ဉာဏ်လာနိုင်ပါ့မလား. . . (မလာနိုင်ပါ)၊ ဒါဖြင့် ယထာဘူတဉာဏ်သည် သဿတဥစ္ဆေဒကို နှင်ထုတ်တဲ့ဉာဏ် (မှန်ပါ့)၊ နိဗ္ဗိန္ဒဉာဏ်သည် သဿတဥစ္ဆေဒကို နှင်ထုတ်ပြီးသောကြောင့် မဂ်ကို ကျေးဇူးပြုမည့်ဉာဏ်ပေါ်ပါတယ် . . . (မှန်ပါ့)၊ မဂ်ဖိုလ်ကို ကျေးဇူးပြုမည့်ဉာဏ်ပေါ်လာတယ် ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိမကွာဘဲနဲ့ရှုနေရင် နိဗ္ဗိန္ဒဉာဏ်ရပါ့မလား. . . (မရပါဘုရား)၊ သဿတ ဥစ္ဆေဒရော ကွာပါ့မလား. . . (မကွာပါ)၊ ကောင်းပြီ ဒါဖြင့် ရှုကာမျှ ရှိုက်ကာမျှ ဆိုရုံပဲလုပ်မယ်၊ ဖြစ်ပျက်ထိအောင် မသွားဘူးဆိုရင်တော့ ဦးဘအုန်း ဒါဟာ အဝေးကြီးကျန်သေးတယ်. . . (မှန်ပါ့)၊ မကျန်ဘူးလား. . . (ကျန်ပါတယ်ဘုရား)။

## ဘုရားက ဆရာကောင်းရှာဖို့မှာတယ်

အေး. . . ဒါကြောင့် ဒကာ ဒကာမတွေ ဆရာကောင်း သမားကောင်း ရှာကြဖို့ ဘုရားမှာတယ်ဆိုတာ ဒကာကြွယ် မှာသင့် - မမှာသင့် . . . (မှာသင့်ပါတယ်ဘုရား)။

အဲ. . . ဒါဖြင့် အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေ အခု ယထာဘူတဉာဏ်ရတဲ့ အချိန်ကစပြီး သူ့ဝမ်းထဲမှာ ဘဝများစွာ သံသရာက မဂ်တား - ဖိုလ်တား သဿတ ဥစ္ဆေဒ တရား နှစ်ပါးသွားပြီ (မှန်ပါ)၊ သွားပြီသွားပြီး ဒကာ ဒကာမတို့ ဝမ်းသာမြောက်ပေတော့ (မှန်ပါ)၊ ငါတို့ မဂ်ဉာဏ်ရဖို့ အနီးကလေး ကျန်တော့တယ်လို့ ဆုံးဖြတ်ချက်ချပါ. . (မှန်ပါ ဘုရား)။

နီးတယ်၊ မနီးတယ်ဆိုတာ ခုနင်ကခန္ဓာငါးပါး တစ်ပါးပါး ကို ဖြစ်မှုမုန်း မမုန်းသာကြည့်တော့. . . (မှန်ပါဘုရား)၊ မုန်းလာရင် ဒကာသစ် ဘယ်လိုဆိုမတုံး. . . (နိဗ္ဗိန္ဒဉာဏ်ပါ)၊ နိဗ္ဗိန္ဒဉာဏ်ဟာ မဂ်ဉာဏ်နဲ့ မနီးသေးဘူးလား. . . (နီးပါတယ်)၊ နိဗ္ဗိန္ဒဉာဏ်ပြီးရင် မဂ်ဉာဏ်လာရုံကျန်တော့တယ်. . . (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဒီကြားမှာ နိဗ္ဗိန္ဒဉာဏ် ဝင်ပါလိမ့်မတုံး ဆိုတာ ဟိုက သဿတ ဥစ္ဆေဒပြုတ်ခဲ့လို့ ဒီဉာဏ်တက်လာတာ (မှန်ပါ)၊ နို့မဟုတ်ရင် တက်ပါ့မလား. . . (မတက်ပါ)၊ သဘောပါ ကြပလား. . . (ပါပါပြီဘုရား)။

ဩော် . . . ဒါဖြင့် ဒီဉာဏ်တက်လာတာသည် ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ ဘာဖြစ်လို့ တက်လာ ပါလိမ့်ဗျာ. . . (သဿတဥစ္ဆေဒပြုတ်လို့ပါ)၊ သဿတဥစ္ဆေဒ ပြုတ်ပြီးသကာလ လာခဲ့တဲ့အတွက် ဖြစ်တာနဲ့ ပျက်တာကလေး

တွေမြင်လို့ သဿတ ဉစ္ဆေဒပြုတ်ပြီး လာခဲ့တဲ့အတွက် ဉာဏ်စဉ် အတိုင်း နိဗ္ဗိန္ဒဉာဏ်တက်လာပါတယ်. . . (မှန်ပါ့)။

## ခန္ဓာငြီးငွေ့တာ နိဗ္ဗိန္ဒဉာဏ်

နို့မဟုတ်လို့ရှိရင်ဖြင့် နိဗ္ဗိန္ဒဉာဏ်ဆိုတာလည်း ရှင်းရှင်း ပြောလို့ရှိရင်ဖြင့် မိမိခန္ဓာကိုယ် ငြီးငွေ့တာ. . . (မှန်ပါ့)၊ မိမိခန္ဓာ ငြီးငွေ့ပါတယ်ဆိုတော့ သုံးဆယ့်တစ်ဘုံ ခန္ဓာတွေရော မိမိရမည့် ခန္ဓာတွေ၊ မိမိဖြစ်ရမည့် ခန္ဓာတွေကော ဘယ့်နှယ်တုံး . . . (ငြီး ငွေ့ပါတယ်)၊ ဟော. . . သုံးဆယ့်တစ်ဘုံနဲ့ကို တစ်ခါတည်း အဆက်ပြတ်တယ်. . . (မှန်ပါ့)၊ သုံးဆယ့်တစ်ဘုံ သချိုင်းရှိတဲ့ ဘုံတွေနဲ့ အဆက်ပြတ်ပါတယ်. . . (မှန်ပါ့ဘုရား)။

သုံးဆယ့်တစ်ဘုံမှာ ဘာတွေ အမြဲတမ်းရှိသတုံး. . . (သချိုင်းတွေရှိပါတယ်ဘုရား)၊ သချိုင်းတွေ အမြဲတမ်းရှိတယ်လို့ မှတ်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးကပြောရပါတယ်၊ ဒကာသစ်တို့ ခင်ဗျားတို့ ရွာတည်မည်ကြံရင် သချိုင်းထည့်ပြီး စဉ်းစားရတယ် . . . (မှန်ပါ့)၊ မြို့တည်မည်ကြံရင် သချိုင်းထည့် စဉ်းစားရပါတယ် . . . (မှန်ပါ့)၊ ဒါ ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ ခန္ဓာရှိ လို့ သချိုင်းထည့်စဉ်းစားရတာ. . . (မှန်ပါ့ဘုရား)။

ခန္ဓာရှိလို့ ဘာပါလိမ့် . . . (သချိုင်းထည့်စဉ်းစား

ရပါတယ်)၊ သင်္ချိုင်းထည့်စဉ်းစားရတယ်ဆိုကတည်းက ဒကာ ဒကာမတို့ ဒိဋ္ဌိ မလိုချင်တဲ့ဉာဏ်သည် သင်္ချိုင်းကိုပဲ မသေချင်လို့ကို ငြီးငွေ့လာတာ. . . (မှန်ပါ့)။

မသေချင်လို့ ဘာဖြစ်လာသတုံး. . . (ငြီးငွေ့လာပါတယ်)၊ သင်္ချိုင်းကိုပဲ ကြောက်လွန်းလို့ ရှာတည်ရင် သင်္ချိုင်းပါပါလာလွန်းလို့. . . (မှန်ပါ့)၊ မြို့တည်ရင်ကော. . . (သင်္ချိုင်းပါလွန်းလို့ပါ)၊ သင်္ချိုင်းပါ ပါလာလွန်းလို့ အလွန် စက်ဆုပ်လွန်းလို့ အသေမုန်း အနေမုန်း. . . (မှန်ပါ့)၊ သင်္ချိုင်းပါလာတယ်ဆိုတော့ နေရတာကော ပျော်သေးရဲ့လား. . . (မပျော်ပါဘုရား)။

## ရွာတည်ရင်သင်္ချိုင်းထည့်စဉ်းစားရတယ်

ရွာတည်တော့ သင်္ချိုင်းပါထည့်ပြီး စဉ်းစားရတယ်ဆိုကတည်းက နေသာနေတယ်၊ သေရမှာပဲဆိုတာ ပါတယ် . . . (မှန်ပါ့)၊ အနေကိုလည်း သူသဘောမကျဘူး၊ ဒါကြောင့် အဖြစ်ကိုလည်း မုန်းတယ်. . . (မှန်ပါ့)၊ သေရမှာဆိုတဲ့ သင်္ချိုင်းရှိနေမှန်းသိနေသောကြောင့် အပျက်ကိုလည်း. . . (မုန်းပါတယ်ဘုရား)။

အဲဒါသည် ဒကာ ဒကာမတို့ အနေအသေ နှစ်ခုတို့တွင် အနေလည်း သူမကြိုက်၊ အသေလည်း သူမကြိုက်လို့ မုန်းဉာဏ်

တက်လာတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဘယ့်နှယ့်ကြောင့် မုန်းဉာဏ်လာပါလိမ့်မတုံး. . . (အနေလည်း သူမကြိုက် အသေလည်း သူမကြိုက်လို့ပါဘုရား)၊ ဟာ. . . ဒါဖြင့် အဖြစ်လည်း သူမကြိုက်တော့ဘူး. . . (မှန်ပါ့)၊ အပျက်လည်း သူမကြိုက်တော့ဘူး. . . (မှန်ပါ့)၊ ဒါကြောင့် ဘာဉာဏ်ဖြစ်လာသတုံး. . . (နိဗ္ဗိန္ဒဉာဏ်ဖြစ်လာပါတယ်ဘုရား)၊ မုန်းဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တက်လာတယ်မဟုတ်လား. . . (မှန်ပါ့ ဘုရား)။

## မဂ္ဂင်ရှစ်ပါးပေါ်လာတယ်

အဲဒီလိုတက်လာလို့ရှိရင်ဖြင့် ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကလည်းပေရှု. . . (မှန်ပါ့ဘုရား)၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလည်း စိုက်ရှု၊ မုန်းလျက်နဲ့ ပေရှုနေပါ. . . (မှန်ပါ့)၊ မုန်းလျက်နဲ့ ဦးဘအုန်း စွဲစွဲမြဲမြဲရှုပေးပါ. . . (မှန်ပါ့)၊ ရှုလိုက်လို့ရှိရင်ဖြင့် မုန်းတဲ့ ပုဂ္ဂိုလ်ဟာဖြင့် မပေါင်းချင်ဘူး၊ မလိုချင်ဘူးဆိုတာ လာထိုက် မလာထိုက် . . . (လာထိုက်ပါတယ်ဘုရား)၊ အဲ့ဒီခန္ဓာငါးပါးကြီး နဲ့ မပေါင်းချင်ဘူး၊ မလိုချင်ဘူးဆိုတဲ့ မဂ္ဂင်ရှစ်ပါး တစ်ခါတည်း ပေါ်တာပဲ. . . (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါး ပေါ်လာတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီမုန်းတဲ့ မလိုချင်တဲ့ ခန္ဓာကြီးဟာ ပျောက်ပျက်သွားတယ်. . . (မှန်ပါ့)၊ ပျောက်ပျက်သွားတာသည် ဒုက္ခသစ္စာက ပျောက်ပျက်၊ နိရောဓသစ္စာက ပေါ်ထွက်ကိုးဗျ. . . (မှန်ပါ့ဘုရား)။

## နိရောဓသစ္စာပေါ်လာတယ်

ဒုက္ခသစ္စာက. . . (ပျောက်ပျက်ပါဘုရား)၊ နိရောဓ သစ္စာက. . . (ပေါ်ထွက်ပါဘုရား)၊ ဟော. . . ခန္ဓာငါးပါး ဒုက္ခ သစ္စာတရားမလိုချင်တော့ ပျောက်ထွက်သွားပါတယ် . . . (မှန်ပါ့)၊ အဲဒီမှာ သေမည့်ပုဂ္ဂိုလ်လည်းမရှိဘူး၊ သေရာ သင်္ချိုင်း လည်းမရှိဘူး၊ ဒါက နိရောဓပဲ. . . (မှန်ပါ့ဘုရား)။

သေမည့်ပုဂ္ဂိုလ်မရှိတာနဲ့ သေရာသင်္ချိုင်း မတွေ့တာက ဘာပါလိမ့်. . . (နိရောဓပါ)၊ မသေရာဆိုတာ ဒါပါကလား၊ သေစရာ အထည်လည်း မရှိတော့ဘူး၊ သေလို့မြှုပ်စရာ သင်္ချိုင်း လည်း မရှိတော့ဘူးဆိုတော့ မသေရာအမှန် ပြည်နိဗ္ဗာန်ဆိုတာ လည်း ဒါပါပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးဟောနေတဲ့အလုပ်၊ ဖြစ်ပျက် မြင်တဲ့အလုပ်ဟာ သဿတဥစ္ဆေဒခွာနေတာ. . . (မှန်ပါ့)၊ ခွာတာကိုကွာ - မကွာ အကဲခတ်၊ အကဲခတ်လိုက်. . . (မှန်ပါ့) တက်လာလို့ရှိရင် ဒကာသစ်တို့က ဘယ်လို ဆုံးဖြတ်ချက် ချမတုံး

. . . (သဿတဥစ္ဆေဒက္ခာပါတယ်)၊ သဿတဥစ္ဆေဒက္ခာလို့မုန်း
လာတာ. . . (မှန်ပါ့ဘုရား)။

မုန်းလာတဲ့ပုဂ္ဂိုလ်သည် ရှုပါများလာလို့ရှိရင်ဖြင့်
သဿတ သဘောလည်း သူမကြိုက်တော့ဘူး၊ ဥစ္ဆေဒသဘော
ကော. . . (မကြိုက်ပါဘုရား)၊ ဖြစ်မှုပျက်မှုကြီးကို တွေ့ချင်သေး
ရဲ့လား. . . (မတွေ့ချင်ပါဘုရား)၊ မတွေ့တော့ သဿတ ဥစ္ဆေဒ
ခြေကန်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ခန္ဓာချုပ်ပါတယ် . . .
(မှန်ပါ့ဘုရား) ခန္ဓာချုပ်သည်နဲ့ တစ်ပြိုင်နက်တည်း ခန္ဓာ
နိရောဓ နိဗ္ဗာန် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါ
ပြီဘုရား)။

## ချုပ်ငြိမ်းမှုကိုယ်တိုင်ရတာနိဗ္ဗာန်

ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် သေရင်ပြတ်သွားတာလား၊
ချုပ်ငြိမ်းမှုကိုယ်တိုင်ရတာလား. . . (ချုပ်ငြိမ်းမှု ကိုယ်တိုင်ရတာ
ပါဘုရား)။

ဥစ္ဆေဒသမားကတော့ သေပြီးပြတ်တာကို ယူလိုက်ရင်
. . . ဥစ္ဆေဒ. . . (မှန်ပါ့)၊ ဪ. . . ဒီဥစ္စာသည် အရင်တုန်းက
ဒုက္ခနဲ့နေရတာ၊ နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်တာကို ဆိုတာပါလား၊
ဒုက္ခချုပ်ခြင်းကို မိမိရတာပါကလား၊ ရောက်တာပါကလား၊ သိရင်
ဥစ္ဆေဒလွတ်ထွက်သွားတယ်. . . (မှန်ပါ့)၊ သဘောပါကြပလား
. . . (ပါပါပြီဘုရား)။

## ကိုယ့်ကိုယ်ကိုယ်စစ်တမ်းထုတ်ပါ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ကိုယ့်ကိုယ်ကိုယ် စစ်တမ်းထုတ်ပြီးသကာလ တို့ဟာ သဿတများတယ်ဆိုတာ မှတ်ကြပါ. . . (မှန်ပါ့ဘုရား)။

အားလုံး သီလရှင်တွေကော လူတွေကော များသောအားဖြင့် ဘာများသတုံး. . . (သဿတကများပါတယ်ဘုရား)၊ နိဗ္ဗာန်မရမီစပ်ကြား ခံစားရပါလို၏ဆိုတာကို ဘယ်သူက ထည့်တာတုံး. . . (သဿတက ထည့်တာပါ)၊ ကိုယ်လုပ်ထားတာတွေ ဘယ်သွားမတုံးကွလို့ မေးပြန်တာကော့. . . (သဿတပါဘုရား)၊ ဒါကြောင့် သဿတ ဒိဋ္ဌိတွေမများကြဘူးလား . . . (များပါတယ်ဘုရား)။

## ကျွတ်တမ်းမဝင်ခဲ့တာ သဿတဒိဋ္ဌိကြောင့်

အဲဒီ သဿတဒိဋ္ဌိတွေကြောင့် ဘုရားမြတ်စွာတွေနဲ့ တွေ့ခဲ့လို့ ကျွတ်တမ်းမဝင်ခဲ့တာသူဘဲ. . . (မှန်ပါ့)၊ ဘယ်သူပါလိမ့်ဗျာ . . . (သဿတဒိဋ္ဌိပါဘုရား)။

ဒါကြောင့် ကဥ္စိသင်္ခါရံ နိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိတဲ့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ. . . (မှန်ပါ့ဘုရား)။

တစ်ခုသော ဒိဋ္ဌိခံနေရင် သစ္စာနဲ့ လျော်ညီတဲ့ ဉာဏ်မရပါဘူး တဲ့. . . (မှန်ပါ့)၊ သစ္စာနဲ့လျော်တဲ့ဉာဏ်တောင်မရဘူးလို့ဆိုထား သဖြင့် ဒကာသစ် နိဗ္ဗာန်ဝေးသွားပြီ. . . (မှန်ပါ့)၊ သဿတ ခံနေရင် နိဗ္ဗာန်မရဘူး ဉစ္ဆေဒခံကော. . . (နိဗ္ဗာန်မရပါဘုရား)။

## နိဗ္ဗာန်တံခါးဝငါရောက်ပဟာ

ဒါဖြင့် ဖြစ်ပျက်မမြင်သရွေ့ ဒကာ ဒကာမတို့ ဘယ်အခါ ကာလမှ နိဗ္ဗာန်နဲ့နီးပေ့ါလို့ ဆိုစရာ ရှိသေးရဲ့လား . . . (မရှိပါ ဘုရား)၊ နိဗ္ဗာန်တံခါးဝရောက်ပေ့ါလို့ကော မဆိုရပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့အချိန်ကစပြီး နိဗ္ဗာန်တံခါးဝရောက် ပဟာနော်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ်သူမျှ မလျှော့နဲ့၊ ခန္ဓာကိုယ် စိုက်ကြည့် . ဖြစ်ပျက်မြင်တဲ့အချိန်ကစပြီး နိဗ္ဗာန် တံခါး ငါရောက်ပဟာ. . .၊ ဒီလို ဆုံးဖြတ်ချက်ချပြီးသကာလ နိဗ္ဗာန် တံခါးဝရောက်ပြီး တင်းတိမ်လဲ မနေဘဲနဲ့ ဆက်ရှုပါ. . . (မှန်ပါ့ဘုရား)။

ဆက်ရှုတော့ အဖြစ်ကိုလည်းမုန်း၊ အပျက်ကော . . . (မုန်းပါတယ်ဘုရား)။

## နိဗ္ဗာန်နဲ့အတော်နီးနေပြီ

ကြော်. . . ဒါဖြင့် နိဗ္ဗာန်တံခါးဝမကဘူး၊ နိဗ္ဗာန်မြို့တော်နဲ့ အတော်နီးနေပြီဆိုတာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)၊ နီးကြောင်း ဘယ်သူက သက်သေခံသတုံးလို့ မေးတဲ့အခါကျတော့ အဖြစ် မုန်းတဲ့ဉာဏ်၊ အပျက်မုန်းတဲ့ဉာဏ် နိဗ္ဗိန္ဒဉာဏ်ကသက်သေခံ လိုက်တယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ, ပါပြီ ဘုရား)။

ဒီလိုပဲဆက်ရှုစမ်း ဒကာကြွယ်၊ ဒကာသစ်၊ ဦးလှဘူးတို့ ဆက်ရှုတော့ ဒီဖြစ်ပျက်ကြီးနဲ့ နေချင်သေးရဲ့လား. . . (မနေချင် ပါဘုရား)၊ မနေချင်တော့ ဖြစ်ပျက်ကြီး လိုချင်သေးရဲ့လား. . . (မလိုချင်ပါဘုရား)။

မလိုချင်တာ ဘယ်လိုကြောင့်ပါလိမ့်မတုံးမေးတော့ ဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်းဒုက္ခ. . . (မှန်ပါ့)၊ ဖြစ်တာက သေမလို့ဖြစ်တဲ့ဒုက္ခ၊ ပျက်တာက သေပွဲဝင်တဲ့ဒုက္ခ. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာသစ် ဘယ်ဒုက္ခကြိုက်သတုံး. . . (ဘယ်ဒုက္ခမှ မကြိုက်ပါဘုရား)။

## ဒုက္ခချုပ်သွားတာနိဗ္ဗာန်

အဲဒီကဲ့သို့ ဖြစ်ဒုက္ခ ပျက်ဒုက္ခကို သေသေချာချာပိုင်တဲ့ အခါကျတော့ ခုနင်က ရှေ့ရှုစရာ ခန္ဓာငါးပါးချုပ်တယ်. . .

(မှန်ပါ့)၊ ခန္ဓာငါးပါး ချုပ်တော့ကို ဒုက္ခချုပ်သွားတာဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)၊ ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါ)၊ ဖြစ်တာပျက်တာ ဒုက္ခသစ္စာ၊ သူ့ကိုမတွေ့တာက (နိရောဓသစ္စာပါ)၊ နိရောဓသစ္စာကိုမြင်နေတာက ဘာဆိုကြမယ် . . . (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

## ဖြစ်ပျက်တွေ့ရင် မဂ်ရတော့မယ်ဆုံးဖြတ်

ဒါဖြင့် ငါတို့ မဂ်ရမှ ရပ့်မလားဆိုတာကို ဘယ်တော့မှ မတွေးနဲ့၊ ဖြစ်ပျက်တွေ့တဲ့အချိန်ကစပြီးတော့ ရတော့မယ်လို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။